ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

၃၂ ရက်မြောက်နေ့ အစီအစဉ်

၅ – ၁၀ – ၂၀၁၁ (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ " အစိုးရ စက်မှုလက်မှု အထက်တန်းကျောင်း" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမောင်မောင်၊ သာယာဝတီ မဲဆန္ဒနယ်၏" သွေးနှောနိုင်ငံသား မိဘများမှမွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေး" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းအောင်ကြည်၊ မိုင်းတုံ မဲဆန္ဒနယ်၏ " မိုင်းတုံ–မိုင်းပန်နှင့် မိုင်းတုံ–မိုင်းဆတ်လမ်းများ ကတ္တရာခင်းရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးငွေမောင်၊ ဆော မဲဆန္ဒနယ်၏ " ဆိပ်ဖြူ–ဆောလမ်းကို အဆင့်မြှင့်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ "မြေပုံ–မင်းပြားလမ်းအား ကတ္တရာခင်းရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည် ၊ အလုံ မဲဆန္ဒနယ်၏ "နိုင်ငံဝန်ထမ်းများနှင့် ပြည်သူများအတွက် အိမ်ရာများ အရစ်ကျရောင်းချပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစံကြီးကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ " ကျိုင်းတုံ–မိုင်းခတ်လမ်းနှင့် မိုင်းယန်းလမ်းများ ပျက်စီးမှု" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ "မြောက်ဦးဒေသရှိ ကတ္တရာလမ်းများ ပြုပြင်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးအိုက်ယွန်းမွန်း၊ မက်မန်း မဲဆန္ဒနယ်၏ "တန့်ယန်းနှင့် မိုင်းရှူးမြို့ ကြားရှိ ကျန်ရှိမြေလမ်းအား ပြုပြင်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကျော်တင်ရွှေ၊ မိုင်းရှူး မဲဆန္ဒနယ်၏ " မိုင်းနောင် ကားလမ်း ပြုပြင်ရန်နှင့် နမ့်ကတ်တံတားပြန်လည်တည်ဆောက်ရန်" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဋ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ "မြောက်ဦးမြို့ ကံလှနှင့် ညောင်ပင်ဈေးတံတားများ တည်ဆောက်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဌ) ဦးစိုင်းသိန်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်၏ " ဝမ်ပုံတံတား ဖြတ်သန်းခ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဇော်ကိုရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း၊ မောင်တောမဲဆန္ဒနယ်၏ "အဆင့်မြင့် ကွန်ဒိုမီနီယမ် ပိုင်ဆိုင် နေထိုင်နိုင်ရေးဆိုင်ရာဥပဒေ(**Condominium Law**) အား တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန် "အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်။

(ခ) ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်။

(ဂ) ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၈။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ "မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေ စသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏများစွာ သုံးစွဲနေမှုမှလည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန် အတွက်လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့က အများပြည်သူကောင်းကျိုးရှိမှုနှင့် ရေသယံဇာတထိန်းသိမ်းရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန်" အဆို တင်သွင်းခြင်း။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၃၃ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။